*(မင်းဗထူး)*

# ကျွမ်းကျင်မှုမြှင့်တင်ရေးယနေ့ဦးစားပေး

**နိဒါန်း**

လူ့အဖွဲ့အစည်းတစ်ခု၏ ရေရှည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းတစ်ခု ပြုလုပ်တော့မည်ဆိုလျှင်လုပ်သားထု၏ကျွမ်းကျင်မှုမြှင့်တင်ရေးကိုဦးစားပေးပြီးမစဉ်းစားခဲ့ပါကထိုစီမံကိန်းသည်စိတ်ကူးယဉ်မှုသာဖြစ်ပါလိမ့်မည်။အဘယ်ကြောင့်ဆိုသော်ထိုစီမံကိန်းကို လက်တွေ့အကောင်အထည်ဖော်ပေးရမည့်သူများမှာ လုပ်သားထုကြီးသာဖြစ်ပြီး၊ ထိုလုပ်သားထုကြီးသည် ကမ္ဘာတစ်ဝန်းလွှမ်းခြုံဖြစ်ပေါ်မှုနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်မှုခေတ်ကြီးနှင့်အညီကျွမ်းကျင်မှုအဆင့် လုံလုံလောက်လောက် မြင့်မားလာခြင်းမရှိသေးပါက ခေတ်သစ်စက်ပစ္စည်းကိရိယာများနှင့် စီမံခန့်ခွဲမှုစနစ်အောက်တွင် မည်သို့မျှအံ့ဝင်ဂွင်ကျ မရှိနိုင်သောကြောင့်ဖြစ်ပါသည်။

ဤဆောင်းပါးတွင် စီးပွားရေး ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ထုတ်လုပ်နိုင်စွမ်းနှင့်အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုတို့ကိုပြိုင်တူရှေးရှုဖော်ဆောင်သွားနိုင်ရန်အတွက် လုပ်သားထု၏ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးသည် မည်မျှအရေးကြီးသည်ကို ဆွေးနွေးတင်ပြသွားပါမည်။ ကျွမ်းကျင်မှုအဆင့်မြှင့်တင်ရေးသည် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအတွက် အရေးကြီးသောလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့စီးပွားရေးလုပ်ငန်းဌာနများ၏ယှဉ်ပြိုင်နိုင်စွမ်းနှင့် အလုပ်အကိုင် ဖန်တီးနိုင်စွမ်းတို့၏အရှိန်အဟုန်ကိုလည်း ထိန်းထားပေးနိုင်ပါသည်။ လုပ်သားထုကြီးအား ပညာပေးရေး၊ လေ့ကျင့်သင်ကြားပေးရေးနှင့် တစ်သက်တာလေ့လာသင်ယူမှုစီစဉ်ပေးရေး လုပ်ငန်းများသည် မြင့်မားသော ထုတ်လုပ်နိုင်စွမ်း၊ ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်း၊ တိုးတက်လာသောတစ်ဦးချင်းဝင်ငွေနှင့် နောက်ဆုံးတွင်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆက်တိုက်ဆောင်ကြဉ်းပေးနိုင်ကြောင်းထောက်ခံထားသည့် အယူအဆများကိုအကျဉ်းချုံး၍ဖော်ပြသွားပါမည်။

**ထုတ်လုပ်နိုင်စွမ်းရှိရေးကျွမ်းကျင်မှုမြှင့်တင်ပေး**

ထုတ်လုပ်နိုင်စွမ်း(productivity)သည် ထုတ်လုပ်မှုပမာဏများ (outputs)နှင့်သွင်းအားစုပမာဏများ (inputs)တို့၏ဆက်စပ်မှုအခြေအနေဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိခဲ့ပြီးဖြစ်ကြပါသည်။ အချိုးအစားအားဖြင့်နည်းပါးသော သွင်းအားစုပမာဏဖြင့် ထုတ်လုပ်မှုပမာဏများပြားစွာဖြစ်ပေါ်စေခဲ့လျှင်ဖြစ်စေ၊ ပိုမိုနည်းပါးသော သွင်းအားစုပမာဏဖြင့် ထုတ်လုပ်မှု ပမာဏမူလအတိုင်း ဖြစ်ပေါ်စေခဲ့လျှင်ဖြစ်စေ ၊ ထုတ်လုပ်နိုင်စွမ်းတိုးတက်သည်ဟုဆိုနိုင်ပါသည်။ထုတ်လုပ်နိုင်စွမ်းကို ငွေကြေးတန်ဖိုးပမာဏဖြင့်လည်း ဖော်ပြလေ့ရှိပါသည်။ သွင်းအားစုအတွက် ငွေကြေးပိုမိုကုန်ကျခြင်းမရှိဘဲ၊ ထုတ်လုပ်မှုပမာဏ တန်ဖိုးမြင့်တက် လာခဲ့လျှင်ထုတ်လုပ်နိုင်စွမ်းတိုးတက်သည်ဟုပင်ခေါ်ဆိုနိုင်ပါသည်။ဥပမာ သီးနှံပေါ်ချိန်၌ လယ်ယာထွက်ကုန်သီးနှံဈေးနှုန်းများမြင့်တက်လာခြင်းသည် ထုတ်လုပ်နိုင်စွမ်းကိုတိုးတက်လာစေသကဲ့သို့ထိုအချိန်၌ဈေးနှုန်းကျဆင်းခြင်းသည်လည်း ထုတ်လုပ်နိုင်စွမ်းကိုကျဆင်းစေပါသည်။

ထုတ်လုပ်နိုင်စွမ်းကို တိုင်းတာသည့်အခါ ကုန်ထုတ်လုပ်မှု ပမာဏအားလုံးကို ပေါင်းစု၍ဖြစ်စေ၊ လုပ်အားထုတ်လုပ်နိုင်စွမ်း (အလုပ်သမားတစ်ဦးချင်း၏ ထုတ်လုပ်နိုင်မှုပမာဏ) နှင့်ဖြစ်စေ တိုင်းတာလေ့ရှိကြပါသည်။ထုတ်လုပ်နိုင်စွမ်းအဆင့်အတန်းများကို နိုင်ငံအလိုက်နှိုင်းယှဉ်ရာတွင်သဘာဝကျစေရန်အတွက်သက်ဆိုင်ရာနိုင်ငံ၏ ဂျီဒီပီ(GDP)ကို အလုပ်လုပ်သူတစ်ဦးအတွက် ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာဖြင့် တွက်ချက်ဖော်ပြကြပါသည်။

ထုတ်လုပ်နိုင်စွမ်းကောင်းလာစေရန် လုပ်နည်း/အကြောင်းတရားများစွာ ရှိပါသည်။ တစ်ဦးချင်း အဆင့်တွင် ကျန်းမာရေး၊ ပညာရေး၊ လေ့ကျင့်ရေး၊အလုပ်ကျွမ်းကျင်မှု၊အတွေ့အကြုံရှိမှု စသည်တို့ပါဝင်ပြီး လုပ်ငန်းဌာနအဆင့်တွင် စီမံခန့်ခွဲမှု၊ စက်ရုံနှင့်စက်ပစ္စည်းကိရိယာအသစ်၊ ရင်းနှီးမြှုပ်နှံမှု၊ လုပ်ငန်းခွင် လုံခြုံရေးစသည်တို့ပါဝင်ပါသည်။ နိုင်ငံအဆင့်တွင် အမျိုးသားမက်ခရိုစီးပွားရေးမူဝါဒ၊ ယှဉ်ပြိုင်မှုမူဝါဒ၊ စီးပွားရေးတိုးတက်မှုမဟာဗျူဟာ၊ လုပ်ငန်းဆိုင်ရာပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ပညာရေးနှင့်အခြေခံ အဆောက်အအုံတွင် နိုင်ငံတော်မှရင်းနှီးမြှုပ်နှံမှုမူဝါဒ စသည်တို့ဖြစ်ကြပါသည်။ ခြုံ၍ဆိုရလျှင် ထုတ်လုပ် နိုင်စွမ်းတိုးတက်လာစေရန်အတွက် ရုပ်ဝတ္ထုပစ္စည်းအရင်းအသစ်များနှင့်အတူ လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးတို့လိုအပ်ကြောင်းတွေ့ရပါမည်။ရုပ်ဝတ္ထုပစ္စည်းရင်းနှီးမြှုပ်နှံမှုအသစ်များ မပြုလုပ်နိုင်သည့်တိုင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးပြုလုပ်လာလျှင်ပင်၊ ထုတ်လုပ်နိုင်စွမ်းလည်း အထိုက်အလျောက် တိုးတက်လာမည်ဖြစ်ပါသည်။လုပ်ငန်းဌာနတစ်ခုတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုသည်မှာ လုပ်သား အများ၏ ကျွမ်းကျင်မှုမြှင့်တင်ရေးနှင့် ထိပ်ပိုင်းပညာရှင်များ၏ ပါရမီဉာဏ်ရင့်သန်ရေးပင်ဖြစ်ပါသည်။ ထို့ကြောင့် ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးအတွက် အရေးကြီးဆုံးအလားအလာများကို လုပ်သားထု၏ ကျွမ်းကျင်မှု မြှင့်တင်ရေးကပေးစွမ်းနိုင်သည်ဟုဆိုရပါမည်။

**သုစရိုက်စက်ဝိုင်း**

ထုတ်လုပ်နိုင်စွမ်းတိုးတက်လာလျှင် နိုင်ငံ၏ဝင်ငွေတိုးတက်လာပြီး၊ဆင်းရဲနွမ်းပါးမှု ကျဆင်းလာစေ ပါမည်။ ထုတ်လုပ်မှုစရိတ်ကို ကျဆင်းစေပြီး၊ ရင်းနှီးမြှုပ်နှံမှုတွင် ထပ်တိုးလာပါမည်။ အလုပ်သမားများ၏ လုပ်ခလစာမြင့်မားလာပြီး အလုပ်အကိုင်အမျိုးအစားနှင့် အရေအတွက် တိုးလာပါမည်။ ကုန်ထုတ်လုပ်မှု များလာသဖြင့် ကုန်ပစ္စည်းတန်ဖိုးများကျဆင်းပြီး စားသုံးမှု ပမာဏတိုးတက်လာပါမည်။ ဤနည်းဖြင့် လူ အများစုသည်ဆင်းရဲနွမ်းပါးမှုမှ ရုန်းထွက်လာကြပြီး၊ စားနိုင်သောက်နိုင် ပျော်ရွှင်စွာနေနိုင်မည့် အခြေအနေ သို့ဆိုက်ရောက်လာပါမည်။ ယင်းကဲ့သို့အခြေခံလူတန်းစားအတွက် အကောင်းချည်းဆက်တိုက် ဖြစ်စေမည့် သုစရိုက်စက်ဝိုင်း(Virtuous circle)သည်ရင်းနှီးမြှုပ်နှံသူအလုပ်ရှင်များအတွက်ကိုလည်းအမြတ်အစွန်းများစွာ ရှာဖွေပေးနိုင်ပါသည်။

ထုတ်လုပ်နိုင်စွမ်းတိုးတက်မှုကြောင့်ရရှိလာမည့် အကျိုးအမြတ်များသည် အခြားလုပ်ငန်းအသစ်များ တွင် ပြန်လည်ရင်းနှီးမြှုပ်နှံမှု(diversification)ကို ဖြစ်ပေါ်လာပြီးဆန်းသစ်တီထွင်သောလုပ်ငန်းစဉ်အသစ်နှင့် ကုန်ထုတ်လုပ်မှုအသစ်ကိုဖြစ်စေပါသည်။ ဈေးကွက်အသစ်ကိုတက်လှမ်းနိုင်ပါမည်။ ထိုမှတဖန်ထုတ်လုပ်မှု ပမာဏနှင့်ထုတ်လုပ်နိုင်စွမ်းကိုပိုမိုတိုးတက်စေပါမည်။ ထိုတိုးတက်မှုများသည် ရေရှည်တွင် နိုင်ငံ၏ဝင်ငွေ တိုးတက်မှုပင်မအကြောင်းတရားလည်း ဖြစ်လာပါမည်။ စီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေတိုးတက်လာမှုမှ တစ်စိတ်တစ်ပိုင်းသည် မြင့်မားသောလုပ်ခလစာ၊ တစ်စိတ်တစ်ပိုင်းသည် လုပ်သားထု၏ ပညာရေးနှင့် ကျွမ်းကျင်မှုအတွက်ရင်းနှီးမြှုပ်နှံမှု၊ တစ်စိတ်တစ်ပိုင်းသည် လုပ်သားထု၏ လူနေမှုဘဝ လုံခြုံမှုအတွက်ဖြစ် လာပါလိမ့်မည်။ ဤသို့လုပ်သားထုတစ်ရပ်လုံး၏လူနေမှုဘဝမြင့်မားလာခြင်းနှင့်အလုပ် အကိုင်အပေါ်တွင် စိတ်ကျေနပ်ပျော်ရွှင်မှု(job satisfaction)တို့မှတဖန် လုပ်အားထုတ်လုပ်နိုင်စွမ်းကို ပိုမိုတိုးတက်စေ၍ စီးပွား ရေး ဘဝတစ်ခုလုံးအတွက်တန်ဖိုးမြှင့် ထုတ်လုပ်မှုများကို တိုက်ရိုက်ထောက်ကူအားပေး သွားပါလိမ့်မည်။ ဤသို့ဖြင့်စားသုံးမှုနှင့် ထုတ်လုပ်မှုပုံစံသည် ယခင်ကပုံစံနှင့်မတူ၊လုံးဝပြောင်းလဲသွားမည် ဖြစ်ပါသည်။

အလားတူပင်အလုပ်၏ဖွဲ့စည်းမှုပုံစံမှာလည်း နည်းပညာအသစ်များနှင့် တောင်းဆိုမှုအသစ်များကို ပြည့်မီစေရန်အတွက် လိုက်လျောညီထွေပြောင်းလဲသွားမည်ဖြစ်ပါသည်။

သို့ရာတွင် ယင်းသို့သော ပြောင်းလဲမှုများသည် ရုတ်ချည်းပြောင်းလဲမှုမျိုးမဖြစ်နိုင်သကဲ့သို့ နေရာတိုင်းတွင် အခက်အခဲမရှိ၊ ချောချောမွေ့မွေ့ ပြောင်းလဲမှုမျိုးလည်းမဖြစ်နိုင်ပါ။ လုပ်ငန်းဌာနများ အပေါ်နှင့် အလုပ်သမားများအပေါ်တွင် ကွဲပြားခြားနားသော ရိုက်ခတ်မှုများရှိလာပါမည်။ နည်းပညာအသစ်များ နှင့် တောင်းဆိုမှုအသစ်များကြောင့် အချို့နေရာများတွင် အလုပ်သမားများ၏ ကျွမ်းကျင်မှုများသည် မလုံမလောက်ဖြစ်နေပြီး၊ အချို့နေရာများတွင် ပိုလျှံနေပါလိမ့်မည်။ ဈေးကွက်စီးပွားရေးစနစ်တွင် ဤသို့ဖြစ်ပေါ်လာမှုကို "ဖန်တီးမှုရှိသော အဖျက်သဘော" (Creative destruction) ဟုခေါ်ပါသည်။ မည်သို့ပင်ဖြစ်စေ ရှေ့နောက်ညီညွတ်စွာ အသေအချာပုံဖော်ထားသော မူဝါဒသဘောထားများသည် လုပ်ငန်းဌာနများ၏ စွမ်းဆောင်ရည်နှင့် အလုပ်သမားများ၏ စွမ်းဆောင်ရည်ကို အခြေအနေနှင့်ဆီလျော်အပ်စပ်လာသည်အထိ တိုးတက်မှုဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။ ပိုလျှံနေသော စွမ်းရည်များအတွက် ဖြစ်ပေါ်ခဲ့ရသော ဆုံးရှုံးမှုများကိုမျှဝေပေးခြင်း၊ လျှော့ပါးသွားစေခြင်းနှင့် စီးပွားရေးအလားအလာသစ်များအတွက်ဖန်တီးပေးခြင်းများ ပြုလုပ်ပေးနိုင်ပါသည်။ ထို့အပြင်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်နှုန်းမြင့်မားလာခြင်း၊ အလုပ်အကိုင်ဈေးကွက်သတင်းများကိုအလုပ်သမားများက အလွယ်တကူ ရယူအသုံးပြုနိုင်ခြင်း၊ အလုပ်သမားများကို ကျွမ်းကျင်မှုအသစ်များနှင့် အလုပ်အကိုင်အသစ်များအတွက်လေ့ကျင့်ပေးနိုင်မည့်အစီအစဉ်များကိုနည်းလမ်းပေါင်းစုံဖြင့် ဖန်တီးထားပြီးဖြစ်ခြင်းနှင့် အလုပ်အကိုင်အားလုံးအတွက်လိုအပ်သည့် ကျွမ်းကျင်မှု အခြေခံစံနှုန်းများ သတ်မှတ်ပြဌာန်းထားပြီးဖြစ်ခြင်းတို့ကြောင့်အထက်ပါအတိုင်းအလုပ်သမားတို့၏ အလုပ်အကိုင်ရွှေ့ပြောင်းမှုလိုအပ်ချက်ကြောင့် ဖြစ်ပေါ်လာနိုင်ဖွယ်ရှိသည့် ဆုံးရှုံးမှုအချို့ကိုဟန်ချက်မပျက် ကာကွယ်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါသည်။

**ထုတ်လုပ်နိုင်စွမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းမှ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့**

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင်ဖြစ်ပေါ်နေသော ပြဿနာသည် အလုပ်အကိုင်မရှိ၍မဟုတ်ပါ။ သိက္ခာစံနှင့် ညီညွတ်၍ လက်ခံနိုင်ဖွယ်ဖြစ်သော ဝင်ငွေပေးနိုင်သည့် ထုတ်လုပ်နိုင်စွမ်းမြင့်မားသော အလုပ်အကိုင်များကျယ်ကျယ်ပြန့်ပြန့် မရှိသေးခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးနှင့်ထုတ်လုပ်နိုင်စွမ်းတိုးတက်ရေးကို အညီအညွတ်ဖြစ်အောင်အားထုတ်ကြရန်အရေးကြီးပါသည်။ ဤကိစ္စနှင့် ပတ်သက်၍သုတေသနပညာရှင်များက ဈေးကွက်အရွယ်အစား၏ အရေးပါမှုကို အလေးအနက်ထားပြီးလေ့လာသုံးသပ်ကြပါသည်။ အလုပ်အကိုင်အခွင့်အလမ်း ပေါများသော်လည်း ဆင်းရဲနွမ်းပါးမှုမှ မလွတ်မကျွတ်နိုင်သည့် ပတ်ဝန်းကျင်အတွင်း၌ ရင်းနှီးမြှုပ်နှံမှုမြင့်မားပြီး ခံနိုင်ရည်ရှိသော အလုပ်အကိုင်အခြေအနေများကို ဖန်တီးပေးလိုကြပါသည်။ သို့ဖြစ်၍ ၎င်းတို့ကအောက်ပါအဓိကရည်မှန်းချက် နှစ်ခုကိုပြိုင်တူအကောင်အထည်ဖော်ရမည်ဟု ဆိုပါသည်–

(က) ပုံစံကျစီးပွားရေးကဏ္ဍ (formal economy)တွင်ရှိသော လုပ်ခလစာကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းတိုးတက်မှုနှုန်းသည် ၎င်းကဏ္ဍအတွင်းရှိလုပ်သားထုအရေအတွက်ကို ကျော်လွန်စေရပါမည်။ သို့မှသာ ပုံစံကျမဟုတ်သောစီးပွားရေး ကဏ္ဍ (informal economy) တွင်ရှိသောအလုပ်သမားများသည် ပိုမိုထုတ်လုပ်မှုအားကောင်းပြီး ပိုမိုသိက္ခာစံနှင့် ကိုက်ညီသည့်အလုပ်အကိုင်များသို့ ရွှေ့ပြောင်းလာပါမည်။ ဤသို့ဖြစ်ပေါ်လာစေရန်အတွက် ဈေး

ကွက်အသစ်၊ နည်းပညာအသစ်ရှိပြီးဖြစ်သော လုပ်ငန်းဌာနများ၊ ရင်းနှီးမြှုပ်နှံမှုများနှင့် ကျွမ်းကျင်မှုမြှင့်တင်ပေးထားနိုင်သော အလုပ်သမားထုလိုအပ်ပါသည်။

(ခ) ပုံစံကျမဟုတ်သော စီးပွားရေးကဏ္ဍတွင်လည်း လုပ်အား ထုတ်လုပ်နိုင်စွမ်း (labour productivity)တိုးတက်လာစေရပါမည်။သို့မှသာ လုပ်သင့်သောအလုပ်အကိုင်အဆင့်အတန်းကိုလုပ်ခွင့်မရကြသော အလုပ်သမားများ (underemployment) နှင့်ဆင်းရဲနွမ်းပါးမှုတို့ကို လျော့ချနိုင်ပါမည်။

သို့ဖြစ်၍ ထုတ်လုပ်နိုင်စွမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းတို့မှ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆီသို့ သယ်ဆောင်ပေးရာတွင်လုပ်သားထု၏ကျွမ်းကျင်မှုမြှင့်တင်ရေးသည် အရေးကြီးဆုံးလိုအပ်ချက်ဖြစ်ကြောင်း တွေ့ကြရပါမည်။အဘယ့်ကြောင့်ဆိုသော် အထက်ဖော်ပြပါ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လုပ်သားထု၏ ကျွမ်းကျင်မှုမပြောင်းလဲဘဲရှိနေပါက မည်သို့မျှ မဖြစ်နိုင်သောကြောင့်ဖြစ်ပါသည်။ လုပ်သားထုသည် အလုပ်လုပ်ကိုင်ရန်လိုအပ်သောကျွမ်းကျင်မှုများနှင့်အတူ အသင့်ဖြစ်နေမှု (employability) ရှိရန်လိုပါသည်။ဆိုလိုသည်မှာလုပ်သားထုသည် နည်းပညာအသစ်များကို အလွယ်တကူ သင်ယူနိုင်သော အခြေအနေရှိရမည့်အပြင် အလုပ်ခွင်အသစ်၏အလေ့အကျင့်များကို သိနားလည်ရပါမည်။ လူငယ်လူရွယ်များအတွက်စက်မှုလက်မှုအခြေခံနှင့်လုပ်ငန်းခွင်ပညာရေး၊ လုပ်ငန်းခွင်မဝင်မီ အကြိုလေ့ကျင့်ရေး (pre-employment training) အစီအစဉ်များသည်အနာဂတ်ကာလ ကျွမ်းကျင်လုပ်သားများ ဖြည့်တင်းရေး အတွက် အလွန်ထိရောက်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ လုပ်သားများကျွမ်းကျင်မှုမြင့်တင်ရေးမူဝါဒတွင် နိုင်ငံတော်မှ ဖွင့်လှစ်ပေးသော သင်တန်းကျောင်းများသာမက ဒေသန္တရလေ့ကျင့်ရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းဌာနများအတွင်း လေ့ကျင့်ပေးမှုအစီအစဉ်(In plant training)နှင့် အလုပ်သင်အစီအစဉ် (on the job training)စသည်တို့ကို အချိုးကျကျ ပေါင်းစပ်ပေးနိုင်ရမည့်အပြင် ကျွမ်းကျင်မှုစံနှုန်းများကိုလည်း တစ်ပြေးညီဖြစ်စေရန်အတွက် မဟာဗျူဟာတစ်ရပ် ခိုင်ခိုင်မာမာချမှတ်သွားသင့်ပါသည်။ ထို့အပြင် လုပ်သားထု ကျွမ်းကျင်မှုမြှင့်တင်ရေးသည် ပုံစံကျစီးပွားရေးကဏ္ဍသာမက ပုံစံကျမဟုတ်သော စီးပွားရေးကဏ္ဍနှင့်ကျေးလက်စီးပွားရေးလုပ်ငန်းများအတွက်ပါ ပိုမိုနက်ရှိုင်းစွာ ထိုးဖောက်ဝင်ရောက် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ကိုယ်တိုင်အလုပ်ရှင်၊ ကိုယ်တိုင်အလုပ်သမားဖြစ်သော အသေးစားစီးပွားရေး လုပ်ငန်းများနှင့်အနိမ့်ဆုံးဝင်ငွေဖြင့်ရပ်တည်မှုအတွက် ပြုလုပ်နေသောစိုက်ပျိုးရေးလုပ်ငန်းများမှ လုပ်အားထုတ်လုပ်နိုင်စွမ်းတိုးတက်လာစေရန်မှာ အရင်းအနှီးချေးငွေထုတ်ပေးခြင်းနှင့် လုပ်သားကျွမ်းကျင်မှု မြှင့်တင်ရေးတို့ ပြုလုပ်ပေးရန်ပင်ဖြစ်ပါသည်။

**ကျွမ်းကျင်မှုမြှင့်တင်ရေးမူဝါဒအတွက် ရည်မှန်းချက်များ**

နိုင်ငံများတွင် မတူညီသော စီးပွားရေးနှင့်လူမှုရေးအခြေခံများရှိကြပါသည်။ အလားတူပင် ထိုနိုင်ငံများ၏လုပ်သားထု ကျွမ်းကျင်မှုနှင့်စံချိန်စံညွှန်းများလည်းတူညီကြမည်မဟုတ်ပါ။ နိုင်ငံတစ်ခု၏ ထိရောက်သောဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံအတွင်းရှိ လူ့အဖွဲ့အစည်းအသီးသီးက မျှဝေခံယူထားသော ရည်မှန်းချက်များအတိုင်းအကောင်အထည်ဖော်မှုအပေါ်တွင်တည်ပါသည်။ ထိုရည်မှန်းချက်များသည်စီးပွားရေးတိုးတက်လာစေရန်၊ သိက္ခာစံနှင့်ကိုက်ညီသော အလုပ်အကိုင်များ ပွားများထွက်လာစေရန်နှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်တို့ပင်ဖြစ်ပါသည်။ နိုင်ငံအလိုက်ချမှတ်ထားသော မူဝါဒနှင့်အကောင်အထည်ဖော်နိုင်မှု

အပေါ်မူတည်၍ နိုင်ငံ၏ တိုးတက်မှုအဆင့်အတန်းလည်း ကွဲပြားခြားနားကြမည်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေကျွန်ုပ်တို့သည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်တော့မည်ဆိုလျှင် ထုတ်လုပ်နိုင်စွမ်းကောင်းမွန်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးနှင့် လုပ်သားထုကျွမ်းကျင်မှုမြှင့်တင်ရေးတို့ကို အောင်အောင်မြင်မြင် ဆက်စပ်ပေးနိုင်ရပါမည်။ ထိုသို့အဆက်အစပ်မိမိဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးတွင် အရေးကြီးသော အချက်မှာ လုပ်သားထုကျွမ်းကျင်မှုမြှင့်တင်ရေးမူဝါဒ၌ အောက်ပါရည်မှန်းချက်(၃)ရပ် ကို တစ်ပြိုင်တည်းအကောင်အထည်ဖော်ဆောင်နိုင်စွမ်းရှိရန်သာ ဖြစ်ကြောင်းဖော်ပြအပ်ပါသည်–

(က) <u>ရည်မှန်းချက်(၁)</u>။ ပတ်သက်ဆက်နွယ်နေသော အတတ်ပညာအဆင့်အတန်း အလိုက်လိုအပ်သော ကျွမ်းကျင်မှု အရည်အသွေးပြည့်မီရမည်။ (ကျွမ်းကျင်မှုစံနှုန်းပြည့်မီသူ လိုသလောက်ရရှိရန်)

(ခ ) <u>ရည်မှန်းချက်(၂)</u>။ နည်းပညာနှင့်ဈေးကွက်ပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာမည့် အဆုံးအရှုံးများကို လျှော့ပါးသက်သာစေရမည်။ (အလုပ်မပြုတ်စေဘဲ ကျွမ်းကျင်မှုလွှဲပြောင်းသင်ကြားပေးပြီး ဆက်လက်အသုံးပြုသွားရန်)

(ဂ ) <u>ရည်မှန်းချက်(၃)</u>။ ရှေ့သို့ အင်တိုက်အားတိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အားဆက်လက်ထိန်းသိမ်းထားနိုင်ရမည်။(နည်းပညာပြောင်းလဲမှု၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတိုးတက်ခြင်း၊ လုပ်ငန်းသစ်များဈေးကွက်သစ်များ ဖော်ဆောင်ခြင်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်လာခြင်းတို့အတွက်ဆက်တိုက်မီးထိုးပေးနိုင်ရန် လိုအပ်သော လူသားအရင်းအမြစ်များကို အလုံအလောက်ထုတ်ပေးနိုင်သည့် ပညာရေးနှင့်လေ့ကျင့်ရေးမဟာဗျူဟာ ထားရှိခြင်း)

**နိဂုံး**

လုပ်သားထု၏ကျွမ်းကျင်မှုမြှင့်တင်ရေးသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း ဖော်ပြခဲ့ပြီဖြစ်ပါသည်။ သို့ရာတွင် ကျွမ်းကျင်မှုမြှင့်တင်ရေးမူဝါဒသည် တစ်ခုတည်းထီးထီးကြီး အကောင်အထည်ဖော်နေလျှင် ကျွမ်းကျင်မှု လေလွင့်ဆုံးရှုံးမှုများပြီး အရာထင်လိမ့်မည်မဟုတ်ပါ။ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွင် အကျုံးဝင်နေသော နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ၊ မက်ခရိုစီးပွားရေးမူဝါဒ၊ ကုန်သန်းရောင်းဝယ်ရေးနှင့်ရင်းနှီးမြှုပ်နှံရေးမူဝါဒ၊ အလုပ်ဈေးကွက်မူဝါဒတို့နှင့်အတူပူးပေါင်းအကောင်အထည်ဖော်ရမည့် ကိစ္စဖြစ်ပါသည်။အထက်ပါအတိုင်း နိုင်ငံတွင်း၌ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများကို ပေါင်းစည်းညီညွတ်စွာ ဆောင်ရွက်နေချိန်တွင် ပြည်ပဈေးကွက်များနှင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများအခြေအနေ၊ ဒေသအတွင်း ပေါင်းစည်းမှုနှင့် နိုင်ငံအချင်းချင်း သဘောတူညီချက်များ၊ နည်းပညာအသစ်များနှင့်ကမ္ဘာလုံးဆိုင်ရာအသိပညာဖွံ့ဖြိုးတိုးတက်မှုများ၊ ရာသီဥတုနှင့်ပတ်ဝန်းကျင်ရေးရာပြောင်းလဲမှုအခြေအနေများစသည်ဖြင့် ကမ္ဘာလုံးဆိုင်ရာအခွင့်အရေးများ နှင့် ခြိမ်းခြောက်မှုများက ကျွန်ုပ်တို့အပေါ်တွင် အကျိုးသက်ရောက်မှုများရှိနေမည်ကိုလည်း မမေ့သင့်ပါ ကြောင်းဖော်ပြအပ်ပါသည်။